# COVID-19 အခြေအနေတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ ဘေးအန္တရာယ်ကင်းရှင်းစေရန် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအတွက် ကြားကာလအကြံညာဏ်များ

လက်ရှိဖြစ်ပွားနေသော COVID-19 ကမ္ဘာ့ကပ်ရောဂါသည် အဓိကထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပြင် လုပ်သားများနှင့်ယင်းတို့၏ မိသားစုများကို အလုပ်အကိုင်များနှင့်သက်မွေးဝမ်းကြောင်းများကိုပံ့ပိုးပေးနေသည့် IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရရှိသူများအပါအဝင် ကမ္ဘာနှင့် အဝှမ်းအတွက် စိမ်ခေါ်မှုများစွာကို ဖြစ်ပေါ်စေသည်။

မိမိတို့၏လုပ်ငန်းလည်ပတ်မှုများနှင့် ထိုလုပ်ငန်းများတည်ရှိရာဒေသ၏ရပ်ရွာလူထုအတွင်း COVID-19 ဗိုင်းရပ်စ်ကူးစက်ပျံ့ပွားမှုကို တားဆီး ကာကွယ်ခြင်းသည် ကုမ္ပဏီအားလုံးနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အရေးအကြီးဆုံးကိစ္စဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ပျံ့ပွားမှုကြောင့် နိုင်ငံများစွာသည် မဖြစ်မနေ လိုက်နာရမည့် အစီအမံများကို ချမှတ်ဆောင်ရွက်နေကြသည်ဖြစ်ရာ စီမံကိန်းနှင့်ဆက်စပ်နေသည့် ရပ်ရွာလူထုများ၊ အခြားပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်၍ ယင်းတို့၏လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် ထိရောက်သော အပြုသဘောဆက်ဆံရေးများ ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုအပေါ် သက်ရောက်မှုများရှိမည်ဖြစ်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် IFC ၏ လုပ်ဆောင်မှုစံသတ်မှတ်ချက်များ၏ အဓိကအနှစ်သာရလည်းဖြစ်သောကြောင့် သက်ဆိုင်ရာ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်လက် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ကွဲပြားခြားနားသော ချဉ်းကပ်နည်းများနှင့် အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို စူးစမ်းရှာဖွေခြင်းသည် IFCနှင့် ယင်း၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအတွက် အရေးပါလှသည်။ အဆိုပါချိတ်ဆက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ဘေးအန္တရာယ်ကင်းရှင်း၍ ထိရောက်သောလမ်းကြောင်းများမှတစ်ဆင့်ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နိုင်ငံအဆင့်နှင့် ဒေသန္တရအာဏာပိုင်များ ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကိုလည်း လိုက်နာရန်ဖြစ်သည်။

ဤကြားကာလအကြံညာဏ်၏ အဓိကရည်ရွယ်ချက်မှာ လုပ်ငန်းစဉ်များတွင်ပါဝင်ဆောင်ရွက်သူများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးကို ကာကွယ်ပေးရန် ဖြစ်နိုင်သည့်အဆင့်အားလုံးတို့ကို ဆောင်ရွက်ရင်း စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စီမံကိန်းနယ်မြေရှိ ရပ်ရွာလူထုထံသို့ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ ပေးပို့ဆက်သွယ်ခြင်း၊ လူထု၏ သဘောထားမှတ်ချက်များ လက်ခံရယူခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် အခြားရွေးချယ်စရာချဉ်းကပ်နည်းများနှင့် လုပ်ငန်းစဉ်များဖော်ထုတ်ရာတွင် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအား ကူညီရန်ဖြစ်သည်။ COVID-19 ဖြစ်ပွားမှုကြောင့် ကုမ္ပဏီများအနေနှင့် သာမန်အခြေအနေများတွင် ဆောင်ရွက်နိုင်သည့် စီမံကိန်းများနှင့် ပတ်သက် ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုပုံစံမျိုးကို ဆောင်ရွက်ရန်ဖြစ်နိုင်မည်မဟုတ်ပါ။ ဤအကြံပေးစာတမ်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် အဓိကအချက်များနှင့် အခြား ကိစ္စများအတွက် အကြံဥာဏ်များဖော်ပြထားကာ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အခြား ချဉ်းကပ်နည်းများ ဖော်ထုတ်ရန် မူဘောင်တစ်ရပ်နှင့် ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ်များကို လက်လှမ်းမီစေရေးအတွက် ဆွေးနွေး ဖော်ပြ ထားသည်။

## ဘေးအန္တရာယ်ကင်းရှင်းစွာပါဝင်ဆောင်ရွက်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲပုံဖော်ရန်အတွက် စဉ်းစားစရာများ

လူတစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတစ်ခုခြားကာ ပြောဆိုလုပ်ကိုင်ရန်ထုတ်ပြန်ထားသည့် မဖြစ်မနေလိုက်နာရသည့် ညွှန်ကြားချက်များနှင့် အချို့နေရာများတွင် သွားလာမှုများနှင့် လူစုလူဝေးများကို ကန့်သတ်မှုများကြောင့် IFC ၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများနှင့် ထိုသူများ၏ လုပ်ငန်းလည်ပတ်မှုများတွင် လုပ်ဆောင်ချက်များစွာ ကန့်သတ်ခြင်းခံနေရသည်။ ထိုလုပ်ဆောင်ချက်များတွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဆိုင်သည့်ကိစ္စများ၊ စီမံကိန်းအသစ် နှင့် လက်ရှိစီမံကိန်းများနှင့်စပ်လျဉ်းသည့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များ၊ ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဆောင်ရွက်ဆဲဖြစ်သည့် ရွှေ့ပြောင်းနေရာချထားခြင်းနှင့် အလျော်ပေးခြင်းအစီအစဉ်များ၊ အခြားဝင်ငွေရရှိရာ လုပ်ဆောင်ချက်များ (ဥပမာ - IFC ၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများ၏ လုပ်ငန်းလည်ပတ်မှုများတွင် ဒေသန္တရ ဝန်ဆောင်မှုများ ဖော်ဆောင်ပေးနေခြင်း) နှင့် ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေးဆိုင်ရာ စီမံခန့်ခွဲခြင်းတို့လည်း ပါဝင်သည်။

COVID-19ကာလတွင် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေးဆိုင်ရာ စီမံခန့်ခွဲခြင်းကို ဘေးအန္တရာယ်ကင်းရှင်းကာ ထိရောက်စွာဖော်ဆောင်ခြင်းသည် ဆက်သွယ်မှုလုပ်ငန်းစဉ်ကို ဆက်လက်ထိန်းသိမ်းခြင်းနှင့် ရပ်ရွာလူထုအား သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီပေးအပ်ခြင်းလုပ်ငန်းတို့၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဆက်သွယ်ဆောင်ရွက်မှုနှင့် သတင်းအချက်



International Finance Corporation
WORLD BANK GROUP
Creating Markets, Creating Opportunities

အလက်မျှဝေမှုကို အထောက်အကူပြုရန် ခိုင်မာသော စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောက်ရွက်ခြင်း ကြားဖြတ်လုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲပြုစုစဉ်စဉ်းစားရမည့် အဓိကအချက်များတွင် အောက်ပါတို့လည်း ပါဝင်ကြသည် -

*ပြင်ပနှင့်ချိတ်ဆက်ဆောင်ရွက်မှုများအတွက် ရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းချမှတ်ပါ။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်ကို သတ်မှတ်ပေးပါ -* ကုမ္ပဏီ၏ လက်ရှိ လုပ်ထုံးလုပ်နည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ အရေးပေါ်အစီအမံများအပေါ် အခြေခံ၍ ဆောင်ရွက်ရန် ဖြစ်သည်။

*ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များနှင့် လမ်းညွှန်ချက်များကို မျက်ခြေမပြတ်စောင့်ကြည့်လေ့လာပါ -* သို့မှသာ စီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သူများ နှင့် ချိတ်ဆက်ဆောင်ရွက်မှုသည် နိုင်ငံအဆင့်နှင့်ဒေသန္တရအဆင့် စည်းမျဉ်းစည်းကမ်းများအပြင် နိုင်ငံအဆင့် နှင့် အပြည်ပြည်ဆိုင်ရာကျန်းမာရေး အာဏာပိုင် အဖွဲ့အစည်းများ၏ အကြံဉာဏ်နှင့် လမ်းညွှန်ချက်များနှင့် ကိုက်ညီမည်ဖြစ်သည်။ COVID-19 ၏ အပြောင်းအလဲမြန်ဆန်သည့် သဘောသဘာဝကို သိရှိနားလည်လျက် ကုမ္ပဏီများသည် အသစ် သို့မဟုတ် ထပ်မံပြင်ဆင်ထားသည့် သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေစွာ ယင်းတို့၏ ချဉ်းကပ်နည်းများ ကို ပြင်ဆင်ပြောင်းလဲနိုင်သင့်သည်။

*COVID-19 ကြောင့် ပိုမိုဆိုးဝါးသွားနိုင်သည့် ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အရေးပါသော ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ပါ -* စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအပေါ်သို့ ကျရောက်မည့် အဆိုပါထိခိုက်ဆုံးရှုံး နိုင်ခြေများနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းမည့် ထိခိုက်မှုလျှော့ချရေးအစီအမံများကို စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများထံသို့ အကြောင်းကြားပါ။ အရေးယူဆောင်ရွက်မည့် အစီအမံများ၏ ဥပမာများမှာ - လုပ်သားများနှင့် အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာလူထုကို ကာကွယ်ရန်၊ လုပ်သားများ အလုံးအရင်းနှင့်ဝင်ရောက်လာမှုကြောင့် ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်၊ သွားလာမှုကန့်သတ်ရန် စည်းမျဉ်းစည်းကမ်းတင်းကြပ်နိုင်ရေးဆောင်ရွက်ရာမှ လုံခြုံရေးအင်အား အလွန်အကျွံသုံးစွဲမှု ဖြစ်လာနိုင်သည့်အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်သားများ သို့မဟုတ် သာမန်ရပ်ရွာသားများက ယင်းတို့၏ စီးပွားရေး အသက်မွေးဝမ်းကျောင်းများ ရပ်ဆိုင်းခံရမှုအပေါ် ကန့်ကွက်သည့်ဖြစ်ရပ်၌ အများပြည်သူ၏ စောင့်ကြည့်ထောက်လှမ်းမှုများနှင့် လက်တုံ့ပြန်မှုများ မြင့်တက်လာနိုင်ခြေကို ကိုင်တွယ်ဖြေရှင်းရန် အစီအမံများ ချမှတ်ဆောင်ရွက်ရန်တို့ ပါဝင်သည်။

*စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အရေးပါသောလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပါ-* ဗိုင်းရပ်စ်ပျံ့နှံ့ ဖြစ်ပွားမှု မတိုင်ခင်က စီမံရေးဆွဲထားခဲ့သော သို့မဟုတ် ဆောင်ရွက်ဆဲဖြစ်သော လုပ်ဆောင်ချက်များကို အရေးကြီးသောလုပ်ငန်းများနှင့် အရေးမကြီးသောလုပ်ငန်းများဟူ၍ ခွဲခြားသတ်မှတ်ရန်ဖြစ်သည်။ စီစဉ်ထားသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်နှင့် (သို့မဟုတ်) လုပ်ငန်းအသစ်များစတင်မည်ဟူသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရပ်ရွာလူထုအပါအဝင် ကုမ္ပဏီ၏ဝန်ထမ်းများ၊ အဆိုပါ ချိတ်ဆက်ဆောင်ရွက်မှုများဆောင်ရွက်ရန် ကုမ္ပဏီမှတာဝန်ပေးသည့် အတိုင်ပင်ခံများနှင့် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအပေါ် ထိတွေ့နိုင်ခြေအန္တရာယ်ကို အသေအချာနားလည်မှုကိုအခြေခံ၍ ဆောင်ရွက်သင့်သည်။ ထို့အပြင် ပတ်သက်နိုင်ခြေရှိသော ပတ်သက်ဆက်နွှယ်သူများ၊ ရပ်ရွာလူထုနှင့် ယခုအချိန်တွင် ထိုလုပ်ငန်းများကို မဆောင်ရွက်ရသေးသောကုမ္ပဏီအပေါ် ထိတွေ့နိုင်ခြေများသည်လည်း ထပ်တူ ထပ်မျှ အရေးပါကြောင်း နားလည်ထားရန်လိုအပ်သည်။

*ပြင်ပသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည့်လမ်းကြောင်းများစွာကို ဒီဇိုင်းဆွဲပါ သို့မဟုတ် လိုက်လျောညီထွေဆောင်ရွက်ပါ -* ဒေသန္တရ အခြေအနေ (မြို့ပြ သို့မဟုတ် ကျေးလက်)၊ လက်ရှိအခြေအနေနှင့် စီမံကိန်းလုပ်ဆောင်ချက်အမျိုးမျိုးတို့ကို ထင်ဟပ်သည့် ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေး လုပ်ငန်းစဉ်ကို လက်လှမ်းမီ၍ ပြင်ပသို့ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ထိုသို့ ဆက်သွယ် ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊ အတိုင်ပင်ခံများ၊ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများ၊ ရပ်ရွာလူထုများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လျှို့ဝှက်ချက်များကို ကာကွယ်ပေးရန်အတွက် ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းအဆင့်အားလုံးကို ဆောင်ရွက်ရန်ဖြစ်သည်။ သတင်းအချက်အလက်များကို အသေစိတ်ပေးနိုင်ရန်နှင့် ရနိုင်သမျှသော ဆက်သွယ်ရေးလမ်းကြောင်း မျိုးစုံမှ တစ်ဆင့်မျှဝေရန်အတွက် အသုံးပြုနိုင်သည့်နည်းလမ်းများမှာ- ရေဒီယိုမှ ကြေညာခြင်းများ၊ မိုဘိုင်းဖုန်းဆက်သွယ်မှုများနှင့် စာစောင်များကပ်လေ့ရှိသည့် ဘုတ်များ တွင်ကြော်ငြာခြင်းတို့ဖြစ်သည်။ အချို့အခြေအနေများတွင် အသွားအလာပိတ်ထားစဉ်အတွင်း လုပ်ပိုင်ခွင့်များပိုမိုရရှိလာနိုင်သည့် အစိုးရများ၊ လုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် အခြားသူများ၏ ကြပ်မတ်ဆောင်ရွက်မှုများကြောင့် လုပ်သားများ၊ ရပ်ရွာလူထုအဖွဲ့အစည်းနှင့် ရပ်ရွာသားများအပေါ် စောင့်ကြည့်မှုများ၊ အကြမ်းဖက်မှု သို့မဟုတ် ဖမ်းဆီးမှုများမြင့်တက်လာမည်ကို စိုးရိမ်ပူပန်လာနိုင်သည်။ လုံခြုံစိတ်ချရသည့် ဆက်သွယ်ရေးလမ်းကြောင်းများ ဖန်တီးခြင်း ဥပမာ- ကုတ်နံပါတ်များဖြင့် လုံခြုံစွာစီမံထားသည့် Application များ (WhatsAppကဲ့သို့ လုံခြုံရေးအဆင့်နှစ်ဆင့်ထားသော Application မျိုး) သည် ပိုမိုလုံခြုံ သော ဆက်သွယ်ရေးလမ်းကြောင်းများကို ဖော်ဆောင်ပေးသည်။

*ချမှတ်ထားသော နိုင်ငံအဆင့်/ပြည်နယ်၊တိုင်းအဆင့်/ဒေသန္တရအဆင့် ဆက်သွယ်ရေးအခင်းအကျင်း အစီအမံများကို အသုံးပြုပါ။ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပါ -* ဆက်သွယ်ရေးဖိုရမ်များ အဖြစ်နှင့် COVID-19 ခုခံကာကွယ်ရေး အခင်းအကျင်းအစီအမံအဖြစ် လတ်တလော အသုံးပြုနေသည့် အဖွဲ့အစည်းများ၊ အစီအစဉ်များကိုအသုံးပြု၍ ပေါင်းစပ်ညှိနှိုင်းရန်ဖြစ်သည်။ ကုမ္ပဏီများသည် ဤလမ်းကြောင်းများကို ယင်းတို့ စီမံကိန်းများအတွက် လိုက်လျောညီထွေဖြစ်အောင် အသုံးပြု ဆောင်ရွက်နိုင်သည်။

*လက်ရှိလမ်းကြောင်းများနှင့် လူမှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများကို ဖော်ထုတ်သတ်မှတ်ပါ* (ဥပမာ - ရပ်ရွာခေါင်းဆောင်များ၊ ရပ်ရွာအခြေပြု အဖွဲ့ အစည်းများနှင့် အမျိုးသမီးများနှင့်ဖွဲ့စည်းထားသည့် သမဝါယမအစုအဖွဲ့များ)၊ ရပ်ရွာလူထုအတွင်းရှိ အုပ်စုတစ်ခုသည် ဆက်သွယ်ဆောင်ရွက်နိုင်မှု အကန့်အသတ်သာရှိနေခြင်းနှင့် နည်းပညာလက်လှမ်းမီမှု သို့မဟုတ် စာတတ်မြောက်မှုဆိုင်ရာအခက်အခဲကြောင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ အကန့်အသတ်ရှိနေသည့်

အခြေအနေများအတွင်း လက်ရှိဆက်သွယ်ဆောင်ရွက်မှုလမ်းကြောင်းများနှင့် လူမှုဆိုင်ရာဖွဲ့စည်းမှုပုံစံများကို ဖော်ထုတ်ရန်ဖြစ်သည်။ လက်ရှိ လူမှုဆိုင်ရာ ဖွဲ့စည်းပုံများကို အသုံးချ၍ ရည်ညွှန်းသုံးစွဲမည့် ဆက်သွယ်ရေးနည်းလမ်း (များ) ကို ဖော်ထုတ်သတ်မှတ်ခြင်းသည် ကုမ္ပဏီများအနေနှင့် သတင်းအချက်အလက်များကို ဖြန့်ဝေရန် ဦးတည်ထားသည့် လူထုပရိသတ်ဆီသို့ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူစုလူဝေးအရေအတွက် သတ်မှတ်ချက်နှင့် တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတစ်ရပ်ခွာ၍ လုပ်ကိုင်ဆောင်ရွက်ရန် စသည့် သက်ဆိုင်ရာ အစိုးရ ညွှန်ကြားချက် များကိုလည်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

*အင်အားနည်းထိခိုက်လွယ်သူများ၊ ဆင်းရဲသူများနှင့် အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုများနှင့် အလှမ်းကွာဝေးသည့် လူတန်းစားအုပ်စု များကို ဂရုစိုက်ပေးပါ -* COVID-19 အခြေအနေတွင် အဆိုပါလူတန်းစားအုပ်စုများနှင့် တိုင်ပင်ဆွေးနွေးရန် ရနိုင်သည့်နည်းလမ်းများ သုံးသပ်ရာ၌၊ ထိရောက်သော ချိတ်ဆက်ဆောင်ရွက်မှုဖြစ်စေရေးအတွက် အဟန့်အတားများကိုဖော်ထုတ်သတ်မှတ်ခြင်း (ဥပမာ - အိမ်အတွင်း သီးခြားခွဲ နေထိုင်ရခြင်းနှင့် ကျား/မဆိုင်ရာ ဖြစ်တည်မှုတို့ကြောင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အကန့်အသတ်ရှိနိုင်ခြင်း သို့မဟုတ် ကိုယ်အင်္ဂါ မသန်စွမ်းသူများပါဝင်ဆောင်ရွက်ရန် အကန့်အသတ်ရှိနေခြင်း) နှင့် ယင်းတို့၏ လက်လှမ်းမီမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အထောက်အကူ ပြုမည့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်နိုင်မည့် ချဉ်းကပ်နည်းတစ်ရပ် ဒီဇိုင်းရေးဆွဲပါ။ တိုင်းရင်းသားလူမျိုးများနေထိုင်နေသည့် အခြေအနေများတွင် COVID-19နှင့် ဆက်စပ်နေသည့် သက်ရောက်မှုများသည် ပိုမိုကြီးမားကျယ်ပြန့်သွားနိုင်သည်ဖြစ်ရာ ပိုမိုသတိထား ကိုင်တွယ်ဆောင်ရွက်သင့်သည်။ အချို့အခြေအနေများတွင် စီမံကိန်းအပေါ် စိုးရိမ်ပူပန်မှုများ သို့မဟုတ် ကန့်ကွက်မှုများ ထုတ်ဖော်ပြောကြားသူများသည် လက်တုံ့ပြန်ခြင်းခံရနိုင်ခြေ ပိုမိုမြင့်မားနိုင်သည်။ ဥပမာ - သွားလာမှုကန့်သတ်ခြင်း၊ စောင့်ကြည့်ထောက်လှမ်းမှုများ တိုးမြှင့်ခြင်း သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့များချထားခြင်းများ ပြုလုပ်လာနိုင်သည်။ လုပ်သားများနှင့် ထိခိုက်နစ်နာမှုများကို တင်ပြသူ ရပ်ရွာသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများ ထားရှိပေးသင့်ပြီး ယင်းတို့၏ နေထိုင်မှုအခြေအနေကို ဆက်သွယ်မေးမြန်းခြင်းနှင့် ထိုနေရာများသို့ အလွယ်တကူ လက်လှမ်းမီရန် စီစဉ်ထားသင့်သည်။

*လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ နားလည်အောင်ပြုလုပ်ပါ -* အရေးပါသော သတင်းစကားများ ဆက်သွယ်ပေးပို့ခြင်း၊ ဆက်သွယ်မှုနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဗဟုသုတရှိမှု၊ ဝေးလံခေါင်ဖျားနေရာ၌တည်ရှိမှု၊ ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်များ ချိုးဖောက်မှု၊ လက်တုံ့ပြန်ခံရမှုကို ကြောက်ရွံ့မှု၊ ယုံကြည်မှုကိစ္စရပ်များ၊ စောင့်ကြည့်ထောက်လှမ်းမှုအပေါ်စိုးရိမ်မှုများနှင့် အဆိုပြု အခြားနည်းလမ်းများကို မှီခိုအားထားရန် တွန့်ဆုတ်နေမှုတို့အပါအဝင် အရေးပါသော သတင်းစကားများ ဆက်သွယ်ပေးပို့နိုင်ရန် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှု များကို သိနားလည်ထားရန်ဖြစ်သည်။

*ချိတ်ဆက်ဆောင်ရွက်ရန် ချဉ်းကပ်နည်းများအပေါ်သုံးသပ်၍ လိုအပ်သလို ပြင်ဆင်ပါ-* COVID-19 ကာလအခြေအနေအပြောင်းအလဲများနှင့် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် စည်းမျဉ်းစည်းကမ်းများကို ထင်ဟပ်ရန် ချိတ်ဆက်ဆောင်ရွက်မှုနည်းလမ်းများကို ပြန်လည်သုံးသပ်၍ လိုအပ်သလို ပြင်ဆင်ပြောင်းလဲပါ။ ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့် ထိခိုက်နစ်နာမှုများတိုင်ကြားဖြေရှင်းရေးဆိုင်ရာ စီမံခန့်ခွဲ ဆောင်ရွက်မှု၏ ရည်ရွယ်ချက်များကို ပိုမိုကောင်းမွန်စွာ ပြည့်မီစေရန် ချဉ်းကပ်နည်းများကို ပြင်ဆင်ပြောင်းလဲရန်နှင့် ထိုပြောင်းလဲမှုများနှင့် အညီ တုံ့ပြန်ဆောင်ရွက်ရန် ပြုလွယ်ပြောင်းလွယ်ဖြစ်မှုကို ထိန်းထားပါ။

## စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် များ ထုတ်ပြန် အသိပေးခြင်း

ကုမ္ပဏီများသည် (က) ကြားကာလစီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ရပ် ဒီဇိုင်းရေးဆွဲခြင်းနှင့် (ခ) ချိတ်ဆက်ဆောင်ရွက်ရန် အခြားနည်းလမ်းများကို စဉ်းစားသင့်သည်။ အောက်ပါလမ်းညွှန်ချက်သည် COVID-19 အခြေအနေတွင် ခိုင်မာသော ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်နှင့် ထိခိုက်နစ်နာမှုများကို တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ် ရေးဆွဲမှုအတွက် သတင်းအချက်အလက်များပေးရန် ရည်ရွယ်သည်။ ထိုရေးဆွဲမှုသည် (၁) အပြန်အလှန်ဆက်သွယ်မှု ပြုလုပ်နိုင်သည်၊ (၂) ဦးစားပေးဆက်သွယ်ဆောင်ရွက်မည့်ကိစ္စများ ဖော်ထုတ်ဆောင်ရွက်နိုင်သည်၊ (၃) နောက်ဆုံးရ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည်၊ (၄) လူတန်းစားအုပ်စုအမျိုးမျိုးထံသို့ လက်လှမ်းမီရောက်ရှိနိုင်သည်၊ (၅) ယဉ်ကျေးမှုအရဆီလျော်သော သက်ဆိုင်ရာအခြေအနေနှင့်ကိုက်ညီသော ဆက်သွယ်ဆောင်ရွက်မှုပုံစံဖြစ်သည်။ ထို့အပြင် (၆) တိုင်ကြားမှုများကို အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်၍ လက်တုံ့ပြန်မှုများမှ ကာကွယ်ပေးသည်။

### (က) ကြားကာလအတွင်း စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ် ဒီဇိုင်းရေးဆွဲခြင်း

ကုမ္ပဏီများသည် လက်ရှိစွန့်စားရမှုအတိုင်းအတာ၊ စီမံကိန်း၊ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ရပ်ရွာများမှ တင်ပြလာသည့် စိုးရိမ်ပူပန်မှု များနှင့် လိုက်လျောညီထွေဖြစ်သည့် ကြားကာလလုပ်ငန်းစဉ်တစ်ရပ်ကို ဒီဇိုင်းရေးဆွဲသင့်သည်။ သို့မဟုတ် လက်ရှိအစီအစဉ်တစ်ရပ်ကို လိုက်လျောညီထွေ ဖြစ်အောင် ပြန်လည်မွမ်းမံပြင်ဆင်သင့်သည်။ မျှော်မှန်းချက်များကို စီမံခန့်ခွဲရန် ကုမ္ပဏီများသည် ကြားကာလချဉ်းကပ်နည်းများဖြင့် ဆောင်ရွက်နိုင်သည့် အတိုင်းအတာ အကန့်အသတ်နှင့် မည်သည့်ရည်မှန်းချက်ပန်းတိုင်များကို ကုမ္ပဏီက မည်သည့်အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် မည်သည်ကို မူမူလလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအခြေအနေများအတိုင်း ပြန်လည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ခြင်းမရှိသေးလျှင် မရှိသေးကြောင်း ရှင်းရှင်းလင်းလင်း အသိပေးဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။

## စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်းနှင့် ထိခိုက်နစ်နာမှု များကို တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ်

| ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းစဉ်များအပေါ် COVID-19၏ သက်ရောက်မှုများ | ဘေးအန္တရာယ်ကင်းရှင်းစွာ ချိတ်ဆက်ဆောင်ရွက်ခြင်း | သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း | ထိခိုက်နစ်နာမှုများတိုင်ကြားဖြေရှင်းရေး စီမံခန့်ခွဲခြင်း |
|---|---|---|---|
| COVID-19 သည် ရပ်ရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပေါ်နှင့် အခြားအရေးပါသော သို့မဟုတ် အချိန်ကာလ အတိမ်းအစောင်း မခံနိုင်သော ကိစ္စရပ်များကို မည်သို့ သက်ရောက်နေပါသနည်း။<br><br>အဆိုပါ ဟန့်တားနှောင့်ယှက်မှုများကို ကုမ္ပဏီမှ ရပ်ရွာလူထုသို့ ဆက်သွယ်အသိပေး ပါသလား။ | COVID-19 ကာလတွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မည့် သီးသန့်နည်းလမ်းများကို သတ်မှတ်ဖော်ပြပါ။ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အချို့ဖြစ်ရပ်များတွင် လက်တုံ့ပြန်နိုင်ခြေ (ဥပမာ - အစိုးရ၏ စောင့်ကြည့်ထောက်လှမ်းခြင်း၊ လုံခြုံရေးတပ်များ ရှိခြင်း) ပိုမိုမြင့်တက်နေခြင်းကို ထည့်စဉ်းစား၍ ဆောင်ရွက်နိုင်သည့် နည်းလမ်းများ ဖြစ်သည်။ | ထုတ်ပြန်အသိပေးခြင်းနှင့် ထိုသို့အသိပေးမည့် သတင်းအချက်အလက် အမျိုးအစားနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြန့်ဝေနိုင်မည့် နည်းလမ်းများ ဖော်ထုတ်သတ်မှတ်ပါ။ | ထိခိုက်နစ်နာမှုများတိုင်ကြားဖြေရှင်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အခြားလမ်းကြောင်းများ စဉ်းစားပါ။ လက်တုံ့ပြန်မှုမှ အကာအကွယ်ပေးရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပါ။<br><br>ပွင့်ပွင့်လင်းလင်း ဖွင့်ဟ တိုင်ကြားမှုများကို မည်သို့ ကိုင်တွယ်မည်ဖြစ်ကြောင်းတိုင်ကြားသူများကို ဆက်သွယ်အသိပေးပါ။ အပြစ်ပေးခံရမည်ကို ကြောက်ရွံ့စရာမလိုဘဲ အန္တရာယ်ကင်းစွာဖြင့် ကိစ္စရပ်များကို ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် ဖော်ပြနိုင်စွမ်းရှိရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို စိတ်ဓါတ်ခွန်အားဖြည့်ပေးပါ။ |
| ဥပမာများ - ရပ်ရွာဖွံ့ဖြိုးရေး၊ ရွှေ့ပြောင်းနေရာချထားရေး/အလျော်ပေးရေး အစီအစဉ်များနှင့်စပ်လျဉ်းသည့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်မှု မပြုခြင်း၊ ကျေးရွာများသို့ ဝင်ထွက်မှုကို ကန့်သတ်ခြင်း၊ ဒေသခံများထံမှ ကုန်စည်ဝန်ဆောင်မှု ပေးသွင်းမှုများကို ရပ်ဆိုင်းခြင်း | ဥပမာများ - online ဖြင့် အဝေးမှ ဆက်သွယ်ဆောင်ရွက်မှုပုံစံများ၊ ဥပမာ- online မှ အန္တရာယ်ကင်းစွာ ဆက်သွယ်ဆောင်ရွက်မှုနည်းစနစ်များ၊ အသံဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ရွေးချယ်စရာများ၊ offline ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများ | ဥပမာများ - online platforms များ၊ အီလက်ထရောနစ်ပုံစံမဟုတ်သည့် အခြား ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများ | ဥပမာများ - ထိခိုက်နစ်နာမှုများဆိုင်ရာ တိုင်ကြားစာ များ လက်ခံခြင်းနှင့် ဆုံးဖြတ်ပေးခြင်းတို့အတွက် လုံခြုံစိတ်ချရသည့် online နှင့် offline လမ်းကြောင်းများ |

(ခ) ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခြားချဉ်းကပ်နည်းများ - online/အီလက်ထရောနစ်ပုံစံဖြင့် ဆက်သွယ်ဆောင်ရွက်မှုနှင့် အဝေးမှ ပါဝင်တက်ရောက်သည့် လုပ်ငန်းစဉ်များကို ဒီဇိုင်းရေးဆွဲမှုမပြုမီ ကုမ္ပဏီများသည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည် -

- စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် အရေးပါသောလုပ်ငန်းများ (ဥပမာ - ဒေသန္တရ အစိုးရနှင့် ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာဆန်းစစ်မှု သို့မဟုတ် ထိခိုက်မှုလျှော့ချရေး အကောင်အထည်ဖော်ရာတွင် ပုံမှန်ဆက်သွယ်ခြင်းများနှောင့်နှေးခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်ရန် တိုင်ပင်ဆွေးနွေး

မှုများ၊ ရွှေ့ပြောင်းနေရာချထားမှုလုပ်ငန်းစဉ်များနှင့် ထိခိုက်နစ်နာမှုများတိုင်ကြားဖြေရှင်းရေးစီမံခန့်ခွဲမှုများ ဆောင်ရွက်ခြင်း)ကို ဖော်ထုတ်သတ်မှတ်ပါ။ ချိတ်ဆက်ဆောင်ရွက်မှု များ၏ ရည်ရွယ်ချက်နှင့် လိုအပ်သည့် တိုက်ရိုက်သွယ်ဝိုက်ရလဒ်များအပေါ် ဆန်းစစ်ပါ။

- အရေးပါသော ချိတ်ဆက်ဆောင်ရွက်မှုများကို ဦးစားပေးသတ်မှတ်ပါ။ (ဥပမာ - ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်မှု ပြီးစီးခြင်းနှင့် ထိခိုက်မှုလျှော့ချရေး ဒီဇိုင်းရေးဆွဲခြင်း)။ စီမံရေးဆွဲထားသော လုပ်ဆောင်ချက်များ၏ ရည်ရွယ်ချက်များကို အကောင်းဆုံး ပြည့်မီမည့် online/အီလက်ထရောနစ်ပုံစံဖြင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် အဝေးမှ ဆက်သွယ်ဆောင်ရွက်သော အခြားနည်းလမ်းများကို စဉ်းစားပါ။
- ဆက်သွယ်ချိတ်ဆက်နိုင်မှုနှင့် ဆက်သွယ်မှု၏ အရည်အသွေး၊ လူမှုမီဒီယာ Platforms အသုံးပြုမှု၊ မိုဘိုင်းဖုန်းကွန်ရက် လွှမ်းခြုံမှု၊ အင်တာနက်ရရှိနိုင်မှု၊ မိုဘိုင်းကွန်ရက်ဝန်ဆောင်မှုပေးသူများ၊ ဘာသာစကားအခက်အခဲများနှင့် အီလက်ထရောနစ်ပုံစံမဟုတ်သည့် အခြားချိတ်ဆက်နိုင်သော လမ်းကြောင်းများ စသည့် အချက်များကို ဆန်းစစ်၍ စီမံကိန်းဆောင်ရွက်သူ အမျိုးမျိုးတို့၏ လိုအပ်ချက်များ ပြည့်မီရန် ရွေးချယ်စရာ အစုံအလင်ကို ဖော်ပြပေးရန်အတွက် အချက်အလက်များကို စိတ်ဖြာလေ့လာပါ။
- တိုင်ကြားမှုများအပေါ် လက်တုံ့ပြန်နိုင်ခြေကို ကာကွယ်ရန် ထိခိုက်နစ်နာမှုများတိုင်ကြားဖြေရှင်းရေးနှင့်ပတ်သက်၍ အခြား လုံခြုံစိတ်ချရသည့် လမ်းကြောင်းများဖော်ဆောင်ပေးနိုင်ရေးအတွက် ရွေးချယ်စရာများကို စိစစ်အကဲဖြတ်ပါ။ ထိုရွေးချယ်စရာများတွင် အဓိကအချက်များဖြစ်ကြသည့် လက်လှမ်းမီနိုင်မှု၊ လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမှု၊ ပုဂ္ဂိုလ်ရေး သီးသန့်ဖြစ်မှု၊ အမည်မပေါက်ကြားမှု၊ ဒစ်ဂျစ်တယ်အကာအကွယ်များနှင့် အီလက်ထရောနစ်ပုံစံနှင့် အီလက်ထရောနစ်ပုံစံမဟုတ်သည့် နည်းလမ်းများ (ဥပမာ - ကုတ်နံပါတ်များဖြင့် ကာကွယ်ထားသော application များ) အားဖြင့် လုံခြုံစိတ်ချသည့် ဆက်သွယ်ဆောင်ရွက်မှုတို့ကို ထည့်စဉ်းစား သင့်သည်။

အဆိုပါစဉ်းစားမှုများကို အခြေခံ၍ ဆက်သွယ်ရေး နည်းလမ်းနှင့် ပုံစံအမျိုးမျိုးတို့ကို အသုံးချနိုင်သည့် အစီအစဉ်တစ်ရပ်ကို လိုအပ်သလို ရေးဆွဲရန် ကုမ္ပဏီများအား အကြံပြုအပ်ပါသည်။

### online/အီလက်ထရောနစ်ပုံစံနှင့် အီလက်ထရောနစ်ပုံစံမဟုတ်သော ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများ

| Online ဆက်သွယ် ဆောင်ရွက်မှု လမ်းကြောင်းများ - သတင်း အချက် အလက် ဖြန့်ဝေခြင်း | Online ဆက်သွယ်ဆောင်ရွက်မှု လမ်း ကြောင်းများ- စီမံကိန်းနှင့် ပတ်သက်ဆက် နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | အီလက်ထရောနစ်ပုံစံ မဟုတ်သည့် ဆက်သွယ်ဆောင်ရွက်မှု ပုံစံများ | အင်အားနည်းထိခိုက်လွယ်သော၊ ဖယ်ကျဥ်ခံ ထားရသောအုပ်စု များအတွက်အထူးစဉ်း စား ပေးမှုများ |
|---|---|---|---|
| ဒစ်ဂျစ်တယ် Platforms များ၊ လူမှုမီဒီယာနှင့် သတင်းစကား ဆက်သွယ်နိုင်သည့် Platforms များ (Facebook, Twitter, WhatsApp)၊ ကုမ္ပဏီ အင်တာနက်လိပ်စာများနှင့် online လူထုဖိုရမ်များတွင် စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေး နှင့် အဓိကလုပ်ငန်းရပ်များနှင့် ဆိုင်သည့် သတင်းအချက်အလက်များ တင်ထားရန် | စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများကို online မှတစ်ဆင့် ပါဝင်စေသည့်အလုပ်ရုံ ဆွေးနွေးပွဲ များ၊ တိုက်ရိုက်ထုတ်လွှင့်နိုင်သော အင်တာနက် လမ်းကြောင်းများ အသုံးပြုသည့် webinar များ (ဥပမာ - You Tube, Vimeo) | ထုတ်ပြန်အသိပေးခြင်းနှင့် ထို့သို့အသိပေးမည့် သတင်းအချက်အလက် အမျိုးအစားနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြန့်ဝေ သည့် နည်းလမ်းများ ဖော်ထုတ်သတ်မှတ်ပါ။ | ထိခိုက်နစ်နာမှုများတိုင်ကြားဖြေရှင်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အခြားလမ်းကြောင်းများ စဉ်းစားပါ။ လက်တုံ့ပြန်မှုမှ အကာအကွယ်ပေးရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပါ။<br><br>ပွင့်ပွင့်လင်းလင်း ဖွင့်ဟ တိုင်ကြားမှုများကို မည်သို့ ကိုင်တွယ်မည်ဖြစ်ကြောင်းတိုင်ကြားသူများကို ဆက်သွယ်အသိပေးပါ။ အပြစ်ပေးခံရမည်ကို ကြောက်ရွံ့စရာမလိုဘဲ အန္တရာယ်ကင်းစွာဖြင့် ကိစ္စရပ်များကို ထိခိုက်နစ်နာမှုများ တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် ဖော်ပြနိုင်စွမ်းရှိရန် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို စိတ်ဓါတ်ခွန်အားဖြည့်ပေးပါ။ |

| | | | |
|---|---|---|---|
| သတိပေးနှိုးဆော်ရန် မိုဘိုင်းကွန်ရက်များနှင့် မိတ်ဖက်ချိတ်ဆက်ဆောင်ရွက်မှု (ဥပမာ - သတင်း အချက်အလက်များကို online ပေါ်တင်သည့်အခါနှင့် online ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်မည့် နေ့ရက်/အချိန်)။ ပြန်လည်ထူထောင်ရေးနှင့် ဆိုင်သည့် လေ့လာမှုများ သို့မဟုတ် မေးခွန်းလွှာပုံစံများ စသည့်) | သဘောထားအကြံဉာဏ်များ တောင်းခံရန် e-mail မှ တစ်ဆင့် တိုင်ပင်ဆွေးနွေးခြင်း၊ စာတို သတင်းစကားများ ပေးပို့ခြင်း၊ စီမံကိန်းအင်တာနက်စာမျက်နှာတွင် အကြံပြုလွှာပုံစံများ ဖော်ပြပေး၍ ဆက်သွယ် ဆောင်ရွက်ခြင်း | အများပြည်သူသိရှိရန် ကြေညာခြင်း (ဥပမာ - ရပ်ရွာ၏ သတင်းအချက်အလက်ဘုတ်များ၊ တီဗွီ၊ ရေဒီယို၊ သတင်းစာနှင့် စာပို့ဆက်သွယ်ခြင်း)<br><br>ပုံပြလက်ကမ်းစာစောင်များ၊ ပုံနှိပ်ထားသော စာရွက်စာတမ်းများ (စီမံကိန်း သတင်းအချက်အလက်များ ရေးသားဖော်ပြခြင်းနှင့် ရုပ်ပြများဖော်ပြခြင်း) | ဆက်သွယ်ရန် ရွေးချယ်စရာများ (ဥပမာ - Video/ Conference Calls များတွင် စာတမ်းများ ထိုးပေးခြင်း သို့မဟုတ် အစည်းအဝေးများတွင် ကိုယ်အမူအယာ အနေအထား ဖြင့် နားလည်အောင် ဆက်သွယ်ဖော်ပြသည့် စနစ်များ၊ အသံဖိုင်များ တင်ပြခြင်းနှင့် ဂရပ်ပုံများ အသုံးပြုခြင်း |
| စီမံကိန်း အင်တာနက်စာမျက်နှာ သီးခြားတည်ဆောက် စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ထုတ်ပြန်ထားသည့် ကြေငြာချက်များကို မျှဝေရန် | မှတ်တမ်းတင်ထားသော သတင်းစကား များကို အင်တာနက်စာမျက်နှာ ပေါ်တွင် တင်ခြင်း၊ လူမှုမီဒီယာ မှတစ်ဆင့် မျှဝေခြင်း၊ ထိုသို့ မျှဝေရာတွင် မေးခွန်းများနှင့် အကြံပြုချက်များ တင်ပြနိုင်ရန်ပါ စီစဉ်ထားခြင်း | အချက်အလက်များ မျှဝေရန် ရေဒီယိုအစီအစဉ်၊ တိုက်ရိုက်လက်ခံထုတ်လွှင့်မှုအပိုင်းများတွင် မေးခွန်းနှင့် အဖြေများအတွက် ကြားဖြတ် ဖုန်းခေါ်ဆိုနိုင်သည့် အစီအစဉ်များနှင့် အကြံပြုချက် များ ပေးခြင်း | အင်အားနည်းထိခိုက်လွယ်သူများလည်း ပါဝင်နိုင်ရန်နှင့် ယင်းတို့၏ ထိခိုက်နစ်နာမှုများ တင်ပြနိုင်ရန် လက်လှမ်းမီနိုင်သော ဆက်သွယ်ရေးလမ်းကြောင်းများ (ဥပမာ - လုံခြုံ စိတ်ချရသော သီးခြားဖုန်းလိုင်းများ သို့မဟုတ် ယုံကြည်ရသော ဆက်သွယ်ရမည့် ဒေသခံ ပုဂ္ဂိုလ် များ) |
| တိုင်ကြားသူထံမှအချက်အလက်များ မှတ်တမ်းယူခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းတို့အတွက် လုံခြုံစိတ်ချစွာ သတင်း ပေးပို့တိုင်ကြားနိုင်သည့် Web Portal တစ်ခု တည်ဆောက် ပေးပါ။ | အထူးသဖြင့် အစိုးရ၏ စောင့်ကြည့် ထောက်လှမ်းမှု/ လက်တုံ့ပြန်မှု မြင့်မားလာမည်ကို ကြောက်ရွံ့သည့် အခြေအနေများတွင် ကုတ်စနစ်ဖြင့် သတင်းစကား များကို တိုးမြှင့်ကာကွယ်ထားသည့် Application များ (WhatsApp) ဖြင့် သတင်းအချက်အလက်များ မျှဝေရန်နှင့် စီမံကိန်း/လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ရန်၊ ဖြစ်သည်။ | | |

## Covid-19 ကာလတွင် စီမံကိန်း/စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အထူးဆက်သွယ် ဆောင်ရွက်ခြင်း

COVID-19 အခြေအနေများကြောင့် ကုမ္ပဏီ၏လုပ်ငန်းအပြောင်းအလဲများသည် ရပ်ရွာလူထုအပေါ် သက်ရောက်မှုများရှိနိုင်သည်ဖြစ်ရာ ယင်းတို့ကို သိနားလည်ရန် အသိပေးအကြောင်းကြားသင့်သည်။ ထိုဆက်သွယ်အကြောင်းကြားမှုများတွင် အောက်ပါတို့ ပါဝင်နိုင်ပြီး ယင်းတို့နှင့်သာ ကန့်သတ်မထားပါ -

- စီမံကိန်းလုပ်ငန်း အပြောင်းအလဲများ - COVID-19 အခြေအနေကြောင့် စီမံကိန်းလုပ်ငန်းများ - တည်ဆောက်ရေး နှင့်( သို့မဟုတ်) လုပ်ငန်းလည်ပတ်ရေး လုပ်ငန်းများဆိုင်ရာ အပြောင်းအလဲများ၊
- ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုအပြောင်းအလဲများ၊
- ရွှေ့ပြောင်းနေရာချထားခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး အစီအစဉ်များ အကောင်အထည်ဖော်မှုအချိန်ဇယားများ အပြောင်းအလဲ၊
- အလုပ်အကိုင်၊ ဒေသခံလုပ်ငန်းများမှ ကုန်စည်/ဝန်ဆောင်မှုရယူခြင်းများ စသည်တို့အပေါ် အပြောင်းအလဲများ၊

- စီမံကိန်းလုံခြုံရေးအစီအမံများအပေါ် အပြောင်းအလဲများ- ဥပမာ - စီမံကိန်းဧရိယာများတွင် အစိုးရ လုံခြုံရေးတပ်ဖွဲ့များ နေရာယူမှု မြင့်မားလာခြင်း၊
- ဖြေရှင်းရန်ရှိနေသေးသည့် တိုင်ကြားထားသော ထိခိုက်နစ်နာမှုများကို ဖြေရှင်းဆုံးဖြတ်မည့် အချိန်ကာလ သတ်မှတ်ချက် အပြောင်းအလဲများ၊
- COVID-19 နှင့် ဆက်စပ်သည့် ကျန်းမာရေး ဗဟုသုတအသစ်များ သို့မဟုတ် ထပ်မံပြင်ဆင်ထားသည့် သတိပြုစရာအချက်အလက်များ၊ ဆက်သွယ် ပေးပို့သည့် လှုပ်ရှားမှုများ။ ယင်းတို့သည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အသိအမှတ်ပြု သတင်းအရင်း အမြစ်များ ဥပမာ - ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ထံမှ သတင်းအချက်အလက်များကို အခြေခံခြင်း

IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများနှင့် ဤစာတမ်းကို အသုံးပြုသူများသည် ယင်းတို့လုပ်ငန်းနေရာများရှိ လုပ်သားများနှင့် ရပ်ရွာလူထုအတွင်း COVID-19 ဖြစ်ပွားမှုကို ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတွင် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်အာဏာပိုင်များ၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းများ (ဥပမာ - ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO))မှ ထုတ်ပြန်သည့် အစီအမံများကို လိုက်နာကြမည်ဟု မျှော်လင့်ပါသည်။ COVID-19ရောဂါ ကာကွယ် တားဆီး ရန်အတွက် အစီအမံများနှင့်ဆိုင်သည့် သတင်းအချက်အလက် ဖြန့်ဝေမှုသည် ကုမ္ပဏီ၊ ယင်း၏ ဝန်ထမ်းများ၊ လုပ်သားအင်အားနှင့် အနီးပတ်ဝန်းကျင် ရပ်ရွာလူထုအားလုံးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေကိုလျှော့ချရန်အတွက် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်သည်။

ဤ ကြားကာလအကြံဉာဏ်စာတမ်း ကို အောက်ပါ IFC ၏ COVID-19 စာတမ်းများ (www.ifc.org/sustainabilitypublications မှ ရယူနိုင်သည်) နှင့် အတူတွဲ ဖတ်ရှုသင့်သည်-

- လုပ်ငန်းခွင်အတွင်း COVID-19 ဆိုင်ရာ ကျန်းမာရေးအန္တရာယ် တားဆီးကာကွယ်ရန်နှင့် စီမံခန့်ရန်တို့နှင့် စပ်လျဉ်း၍ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအတွက် ကြားကာလအကြံဉာဏ်များ၊
- COVID-19 အခြေအနေတွင် လုပ်သား/ဝန်ထမ်းများကို ကူညီထောက်ပံ့ပေးခြင်းနှင့်စပ်လျဉ်းသည့် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အတွက် ကြားကာလအကြံဉာဏ်များ၊
- COVID-19 ကာလ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်တစ်ရပ် ရေးဆွဲမှုနှင့်စပ်လျဉ်း၍ IFC ၏ ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများအတွက် ကြားကာလအကြံဉာဏ်များ၊
- ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ အကျပ်အတည်းဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီခေါင်းဆောင်ပိုင်းအတွက် လက်တွေ့အကြံပေးစာ

## နောက်ဆက်တွဲ-၁။ သတင်းအရင်းအမြစ်များနှင့် အသုံးဝင်သော အင်တာနက်လိပ်စာများ

European Union CDC COVID-19 page https://www.ecdc.europa.eu/en/novel-coronavirus-china

United Nations – COVID-19 page: https://www.un.org/coronavirus

United States CDC – COVID-19 page https://www.cdc.gov/coronavirus/2019-ncov/index.html?CDC_AA_refVal=https%3A%2F%2Fwww.cdc.gov%2Fcoronavirus%2Fnovel-coronavirus-2019.html

United States OSHA (2020) Infectious Diseases Website https://www.osha.gov/SLTC/healthcarefacilities/infectious_diseases.html#cdc_guidelines

WHO COVID -19 page: https://www.who.int/emergencies/diseases/novel-coronavirus-2019

COVID-19. WHO (2020) *Risk Communication and Community Engagement (RCCE) Action Plan Guidance COVID-19.* Preparedness and Response. https://www.who.int/publications-detail/risk-communication-and-community-engagement(rcce)-action-plan-guidance

United Nations, The Inter-Agency Standing Committee, COVID-19: *How to include marginalized and vulnerable people in risk communication and community engagement.* https://interagencystandingcommittee.org/covid-19-how-includemarginalized-and-vulnerable-people-risk-communication-and-community-engagement

WHO (2020) Risk communication and community engagement (RCCE) readiness and response to the 2019 novel coronavirus (2019-nCoV). https://www.who.int/publications-detail/risk-communication-and-community-engagementreadiness-and-initial-response-for-novel-coronaviruses

WHO (2020) *A guide to preventing and addressing social stigma associated with COVID-19.* https://www.who.int/docs/default-source/coronaviruse/covid19-stigma-guide.pdf

---

*© ၂၀၂၀ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း။ ပိုင်ဆိုင်ခွင့်အပြည့်ရှိ။*

*မသက်ဆိုင်ကြောင်းရှင်းလင်းချက်။ ဤအကြံပြုစာတမ်းသည် COVID-19 ကပ်ရောဂါကို ရင်ဆိုင် ကျော်လွှားနိုင်ရန် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများအား ကူညီရန် ရည်ရွယ်သည့်အကြံပြုချက်များ ပါဝင်သည်။ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများသည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) နှင့် အခြားသက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးအဖွဲ့အစည်းများ၏ COVID-19 နှင့်ဆိုင်သော သတင်းအချက်အလက်များ၊ အကြံပြုချက်များအပြင် ဒေသန္တရ၊ ပြည်နယ်တိုင်းနှင့် ပြည်ထောင်စုအဆင့် အစိုးရကျန်းမာရေးအာဏာပိုင်များထံမှ သတင်းအချက်အလက်များကိုလည်း ကိုးကားသင့်သည်။ ထိုသို့ကိုးကားရာတွင် ဖော်ပြပါ အကြံပြုချက်များသည် အခြေအနေအချိန်အခါအလိုက် ပြောင်းလဲနိုင်သည်ကို မှတ်သားထားသင့်သည်။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများအနေနှင့် ယင်းတို့၏စီးပွားရေးလုပ်ငန်းကဏ္ဍများရှိ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှလည်း သက်ဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်သည်။ ဤအကြံပြုစာတမ်းကို ပြည့်စုံစေ့လုံလောက်စွာ ပြုစုရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤစာတမ်းသည် ကဏ္ဍအလိုက် အထူးလမ်းညွှန်ချက်များအစား အများနှင့်ဆိုင်သော ယေဘုယျအချက်များကိုသာ ဖော်ပြခြင်းဖြစ်သည်။ ထိုခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသောကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများသည် ကဏ္ဍအလိုက် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စံနှုန်းများကိုလည်း ကိုးကား သင့်သည်။*

*ဤအကြံပြုစာတမ်းပါ သတင်းအချက်အလက်များ၏ တိကျမှု၊ ပြည့်စုံလုံလောက်မှု၊ လတ်တလော အချက်အလက်ဖြစ်မှုတို့သေချာစေရန် သင့်တော်သောကြိုးပမ်းမှုများ ပြုလုပ်ထားသော်လည်းပဲ အခြေအနေများသည် အပြောင်းအလဲ မြန်ဆန်နိုင်ပြီး လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို ထင်ဟပ်ခြင်းမရှိတော့ခြင်းလည်းဖြစ်နိုင်ကြောင်း မှတ်သားထားပါ။ IFC သည် ဤအကြံပြုစာတမ်းပါအချက်အလက်များ၏ တိကျမှု၊ ပြည့်စုံလုံလောက်မှု၊ လတ်တလော အချက်အလက် ဖြစ်မှုတို့ကို အခိုင်အမာအတည်ပြုခြင်း သို့မဟုတ် အာမခံခြင်းမပြုပါ။ IFC သည် ဤအကြံပြုစာတမ်းပါ အချက်အလက်များတွင် အမှားအယွင်းများ၊ ဖယ်ချန်ထားမှုများ သို့မဟုတ် လစ်ဟာမှုများ၊ အားနည်းမှုများအတွက် တာဝန်သိမည် သို့မဟုတ် တာဝန်ရှိမည်ဟူ၍လည်း မယူဆပါ။ ဤအကြံပြုစာတမ်းတွင်ဖော်ပြထားသော သတင်းအချက်အလက်များ၊ နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ ကောက်ချက်ချမှုများနှင့် ချင့်ချိန်ဆုံးဖြတ်မှုများကို အသုံးပြုခြင်း သို့မဟုတ် ယုံကြည်အားထားခြင်းနှင့်စပ်လျဉ်း၍ တာဝန်သိမည် သို့မဟုတ် တာဝန်ရှိမည်ဟူ၍လည်း မယူဆပါ။ ဤအကြံပြုစာတမ်းပါစာရွက်စာတမ်းများသည် ဥပဒေဆိုင်ရာ၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာ သို့မဟုတ် ဆေးပညာဆိုင်ရာ အကြံဉာဏ်တစ်ရပ် ဖြစ်ပေါ်စေရေး ဖွဲ့စည်းထူထောင်ပေးရန် မရည်ရွယ်ပါ။ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရရှိထားသူများ၏ ပညာရပ်ဆိုင်ရာ အကြံပေးများ၏ အထူးအကြံဉာဏ်များကို အစားထိုးရန် ဤအကြံပြုစာတမ်းကို ကိုးကားခြင်း သို့မဟုတ် အသုံးပြုခြင်းကို မပြုလုပ်သင့်ပါ။*

*ဖြန့်ဝေခြင်း။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် ၎င်း၏ရေးသားဖော်ပြမှုများ ဖြန့်ဝေခြင်းကို အားပေး၍ စာဖတ်သူများသည် IFC ၏ ရေးသားဖော်ပြမှုများအပေါ် သင့်လျော်သောလေးစားမှုဖော်ပြ၍ မသက်ဆိုင်ကြောင်း ရှင်းလင်းချက်ပါ ထည့်သွင်းဖော်ပြလျှင် ထိုစာရွက်စာတမ်းများကို ပညာရေးဆိုင်ရာနှင့် စီးပွားရေးမဆန်သောရည်ရွယ်ချက်များအတွက် မူပွားကူးယူခြင်းနှင့် ဖြန့်ဝေခြင်း ပြုလုပ်နိုင်ပါသည်။*

*IFC အကြောင်း နှင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ (ESG) အလေ့အကျင့်များ တိုးတက်ရေးအတွက် လုပ်ဆောင်မှုများကို ပိုမိုလေ့လာသိရှိနိုင်ရန်အတွက် ဤတွင်လေ့လာရန် - ifc.org/sustainability*

*2121 Pennsylvania Avenue, N.W.*
*Washington D.C., 20433 USA*
*Internet: www.ifc.org*